ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## အကြမ်းဖက်စီးပွားရေးလုပ်ငန်းများဆိုင်ရာ ထုတ်ပြန်ကြေညာချက် (၂/၂၀၂၁)

ရက်စွဲ။ ။ နိုဝင်ဘာလ (၁၀) ရက်၊ ၂၀၂၁ ခုနှစ်

၁။ မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် အလုံးစုံပျက်သုဉ်းရေးနှင့် ကာလရှည်ကြာ စိုးမိုးမှုမရှိစေရေးအတွက် စစ်အာဏာရှင်များ၏ စီးပွားရေးလုပ်ငန်းများနှင့် ဝင်ငွေရလမ်းများအား ပိတ်ဆို့အရေးယူဖြတ်တောက်ခြင်းသည် အလွန်အရေးပါသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

၂။ အကြမ်းဖက်စစ်အုပ်စု၏ စီးပွားရေးအင်ပါယာသည် ဈေးကွက်နယ်ပယ်စုံ၌ ထိုးဖောက်နေရာယူကာစီးပွားအရေးအကျိုးအမြတ်များစွာ နှစ်စဉ်ရရှိနေသည်။မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL)နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း(MEC)သည် နိုင်ငံတော်ပုန်ကန်မှုကို ထောက်ကူပြုပြီး၊ မလျော်သြဇာဖြင့် စစ်တပ်၏ လုပ်ပိုင်ခွင့်နှင့် အင်အားကို အသုံးပြုကာ စီးပွားရေးလုပ်ငန်းများစွာကို လုပ်ဆောင်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စီးပွားရေးဆိုင်ရာထောက်လှမ်းရေး ညွှန်ကြားရေးမှူးရုံးမှ စိစစ်တွေ့ရှိရသည်။

၃။ ယင်းသို့ နိုင်ငံတော်ပုန်ကန်မှုနှင့် စစ်ရာဇဝတ်မှုများ ကျူးလွန်ထားသည့် အကြမ်းဖက် စစ် တပ်၏ စီးပွားရေးလုပ်ငန်းများ ဖြစ်သော မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL)နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း(MEC) တို့နှင့် ဆက်စပ်စီးပွားရေးလုပ်ငန်းများအား အကြမ်းဖက် စီးပွားရေးလုပ်ငန်းများ အဖြစ် သတ်မှတ်ပြီး အမည်ပျက်စာရင်းသွင်းကြောင်း ထုတ်ပြန်ကြေညာအပ်သည်။

၄။ သို့ဖြစ်ရာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL)နှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) တို့၏ ဆက်စပ်ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများအား ဝယ်ယူသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ သို့လော့င် ဖြန့်ဖြူးရောင်းချခြင်း အလျဉ်းမပြုလုပ်ကြရန်နှင့် အဆိုပါ လုပ်ရပ်များကို စစ်ရာဇဝတ်မှု ကျူးလွန်ရန် ထောက်ခံအားပေးသော လုပ်ရပ်များအဖြစ် သတ်မှတ်အရေးယူသွားမည် ဖြစ်သည်။

ခင်မမမျိုး
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ